# အဝါရောင်
# ညနေခင်း

နွေသစ်ငြိမ်း



# အဝါရောင်ညနေခင်း
# နွေသစ်ငြိမ်း

## စာအုပ်မဖတ်ခင် လက်ဆေးပါ

ဂရုစိုက်ကြပါ။ အတတ်နိုင်ဆုံး အိမ်ထဲမှာပဲ နေပါ။

လက် ခဏ ခဏ ဆေးပါ။

ဘယ်သူကတော့ ဘယ်နေရာမှာ

ဘယ်လိုပုံစံမျိုးနဲ့ ထွက်ခွာသွားပြီဆိုတဲ့ သတင်းတွေထဲမှာ

ခင်ဗျားတို့ နာမည်ကို မမြင်ချင်ဘူး။

ချစ်ခင်စွာဖြင့်

နွေသစ်ငြိမ်း

******

## CHAPTER - 1

မချစ်မနှစ်သက်သောသူနဲ့ ပေါင်းဖက်သွားရမယ့် ဒုက္ခကို

မင်းကြည့်ရက်လို့လား

ကိုယ့်အိုဇာတာထဲမှာ မင်းပါမလာတာ

ဝမ်းနည်းဖို့တော့ ကောင်းတယ်။

******

## မှောင်မိုက်သောတနင်္ဂနွေ - ၁

ဒီမြို့ငယ်လေးမှာ နာရေးတစ်ခုဖြစ်တိုင်း

ကိုယ်မျှားလားဆိုတဲ့ အတွေးနဲ့ နားစွင့်နေပါ။

လေထုထဲမှာပဲ ပျောက်သွားမှာ သိနေလျက်နဲ့

အသံကုန်ခြစ် အော်ခဲ့ဖူးသူတစ်ယောက် အကြောင်းကိုရော

တစ်နေရာရာက ကြားမိသေးလား။

မျိုချလိုက်ရတဲ့ စကားလုံးတွေဟာ

မျိုသိပ်ထားတာထက်တော့ အမြဲပိုနေခဲ့တယ်။

ကိုယ်က ဟန်ဆောင်ပြီး မငိုတတ်ဘူး။

စိတ်ရောကိုယ်ပါ အစစအရာရာ ဘာနဲ့မှ ချည်နှောင်မထားခဲ့တာလည်း

ကြာပြီပဲ ...။

******

## မှောင်မိုက်သောတနင်္ဂနွေ - ၂

လူတစ်ယောက်မှာ စကားပြောဖော်

နောက်ထပ်လူတစ်ယောက်ကတော့ ရှိဖို့လိုတယ်။

ကိုယ်တိုင်က မပြောဖြစ်ရင်တောင် တစ်ခုခုကို အစပြုပေးမယ့်လူမျိုး။

အရမ်းတိတ်ဆိတ်နေတဲ့ ညနေတွေ၊ အိပ်လို့မပျော်တဲ့ မိုးသည်းချိန်တွေ၊

တောင်စဉ်ရေမရ အတွေးတွေ၊ ရှုးချင်နေတာတွေ၊

အဲဒီလိုအခက်အခဲတွေကို ဖြိုခွင်းပေးမယ့် (ဖြေရှင်းပေးမယ့်)၊

အဆင်မပြေမှုတွေထဲက ခဏဖြစ်ဖြစ် ကယ်ထုတ်ပေးသွားမယ့်
အသံတစ်သံ သို့မဟုတ် အကြောင်းအရာတစ်ခုခုတော့
ရှိနေမှဖြစ်မှာပါ။ ကျွန်တော်တို့ တကယ် လိုအပ်ကြတယ်။
တစ်လောကလုံးမှာ ဝိုင်းဟားနေရင်တောင်
ကိုယ့်ဆီမှာ အမှန်အကန်ရှိနေပြီး
တစ်ယောက်တည်းသော စာနာတတ်တဲ့ မျက်ဝန်းတွေကို။
******

## မှောင်မိုက်သောတနင်္ဂနွေ - ၃

Reply တွေ ကြာနေတတ်တဲ့ အခါမျိုးတွေမှာ
အရင်ကလို မင်းလုပ်စရာ ရှိတာ လုပ်လေ
ကိုယ်က ရတယ်လို့ မပြောဖြစ်တော့ဘူး
တစ်ယောက်မဟုတ် တစ်ယောက်တော့
ဂရုစိုက်ပေးနေမှာပဲဆိုတဲ့ အတွေးတွေကြောင့်လည်း
အရင်လို စိတ်မပူမိတော့ဘူး။
လာခေါ်တဲ့အခါ ရှိနေပေးပြီး
သိပ်မလိုအပ်လောက်ဘူးလို့ ထင်တဲ့အခါတွေမှာတော့
နဂိုနေရာလေးမှာပဲ အေးတိအေးစက် ပြန်ငြိမ်နေလိုက်တယ်။
နောက်ပြီး မင်းကိုသတိရရင်
ကိုယ့်ကိုယ်ကိုယ် ပိုစောင့်ရှောက်ဖြစ်ပါတယ်။
******

## မှောင်မိုက်သောတနင်္ဂနွေ - ၄

သတိရရင် ပြေးတွေ့ဖို့အတွက် စက္ကူလေယာဉ်လေး ငါခေါက်နေတယ်။

စက္ကူလေယာဉ်လေးထဲမှာ စိတ်နဲ့ ဆုံတဲ့ စာတွေ အပြည့်ချရေးပြီး

လိုအပ်သလောက် အဝေးရောက်ပါစေဆိုတဲ့

ဆုတောင်းတွေလည်း ပါတယ်။

ငါပစ်ခဲ့တယ်။ ဒါပေမဲ့ အဝေးမရောက်ဘူး။

ငုံ့ကြည့်လိုက်တိုင်း ကျပြီး သေနေတယ်။

မော့ကြည့်လိုက်တိုင်း အငွေ့ပြန်နေတယ်။

ညနေစောင်းတိုင်း တောင်ကုန်းလေးအကွယ်က

လွင့်တက်လာတဲ့ မီးခိုးတွေကို ကြည့်တယ်။

အတိတ်နဲ့ပစ္စုပ္ပန်ကို ပေါင်းလိုက်ရင်

အနာဂတ် တစ်ခုရမယ်လို့ ယုံကြည်ဖူးတယ်။

ငါစိုက်ထားတဲ့ နှင်းဆီရုံမှာ စက္ကူပန်းတွေ။

ပင်လယ်ထဲကို ငါခရီးထွက်မယ်။

တောင်တန်းတွေဆီကို ငါခရီးထွက်မယ်။

မြို့ပတ်ရထားဟာ ဒီနေရာရဲ့အဝေးကို ဘယ်တော့မှ ခေါ်မသွားဘူး။

ဘယ်ညာကြည့်ပြီး ငါပုန်းနေလိုက်တိုင်း အတုအယောင်တွေဆီက

ထိခတ်သံတွေကိုပဲ ကြားနေရတယ်။ ငါပျော်လား ငါမသိဘူး

ငါမပျော်တာလား ငါမသိဘူး။

စိတ်ထဲကို အကောင်တစ်ကောင် ဝင်နေသလို ငါ့ကို ကိုက်ဖဲ့တယ်။

ငါ့သတိရမှုကို ကိုက်ဖဲ့တယ်။

ပြီးတော့ ငါ့မှတ်မိမှုမှန်သမျှကို တစ်စမကျန် စားသောက်သွားတယ်။

ငါတဖြည်းဖြည်း မေ့တတ်လာပြီ။

အဖြူရောင်ဟာ အမှောင်ထဲမှာ ဆက်လက်ဖြူမနေဘူး။

သဲပြင်နဲ့ ဆံ့သလောက် စာတွေ ထိုင်ရေးနေဖို့ပဲ ငါတွေးတယ်။

အလွမ်းအကြောင်းလည်း ဖြစ်မယ်။

စိတ်နာစရာလည်း ဖြစ်ချင်ဖြစ်နေမယ်။

ပင်လယ်ကို ဒေါင်လိုက်ကြည့်မိတဲ့အခါ လှိုင်းတွေဟာ

သစ်ရွက်အစိမ်းတွေလို အသံတိတ်ကြွေနေတယ်။

ကျောက်ဆောင်တွေက အကိုင်းအခက်များလို ဆန့်ထွက်နေတယ်။

လရောင်မရှိတာဟာလည်း သိပ်တော့ အရေးမကြီးဘူးဆိုရင်

ချစ်သူကို ဆုံးရှုံးဖူးတာဟာလည်း ဝမ်းနည်းစရာ မဟုတ်တော့ဘူး။

ငါငိုတတ်တယ်၊ ဒါပေမဲ့ ငါမငိုခဲ့ဘူး။

သက်ပြင်းတွေ မှိုချနေတဲ့ နေ့လယ်ခင်းတွေဟာ နွေထက်ပူတယ်။

နွေထက် ပိုမိုပူပြင်းတယ်။

သေနိုင်တဲ့ဖုန်းတွေကိုပဲ ငါကိုင်ခဲ့တယ်။

******

## မှောင်မိုက်သောတနင်္ဂနွေ - ၅

မနေ့က ကျတော့်ဆီ Email တစ်စောင် ဝင်လာတယ်။

အဲဒီ Email လေးက (Now, I don’t miss u anymore) ဆိုတဲ့

စာသားလေးနဲ့ အစပြုထားတယ်။

အဲဒီ စာသားတစ်ကြောင်းလောက်နဲ့ပဲ

ကျွန်တော် အရာရာကို ရပ်တန့်ပစ်ခဲ့တယ်ဆိုပါတော့။

လူတစ်ယောက်ဟာ ရလဒ်တစ်ခုခုကို လက်ခံရတဲ့အခါ

အဲဒီအရာရဲ့အတိတ်ကာလဆီ ပြန်သွားမိကြလိမ့်မယ်။

နောက် အမှားတွေ အမှန်တွေ၊ သူ့အပြစ် ကိုယ့်အပြစ်တွေ ပါလာမယ်။

ပြီးတော့ စွန့်ပစ်လိုက်တဲ့ အရပ်တစ်ခုဆီ

ပြန်ရောက်သွားတဲ့ လူတစ်ယောက်လို

အရာရာဟာ မပြောင်းမလဲ ပြန်တည်ရှိလာမယ်။

စိတ်ရဲ့မပျော်ရွှင်ခြင်း သော့ချက်တွေပါပဲ။

ရုပ်ရှင်ရုံ၊ လက်ဖက်ရည်ဆိုင်၊ ကမ်းနားလမ်းရဲ့ ကြေးအိုးပန်းကန်များ၊

ဝင်ထွက်သွားလာနေကျလမ်းတွေ။

အဆိုးဆုံးက ကိုယ့်စိတ်ကိုယ် ညာလို့ မရတာပဲ။

သတိမရတော့ပါဘူးကွာ ဆိုတဲ့ စကားကိုတောင်

ဝမ်းနည်းသံကြီးနဲ့ ပြန်ပြောနေရမယ့် အခြေအနေပါပဲ။

စိတ်ရဲ့အသွေးအသားထဲမှာ ဘယ်လိုပဲ ငြင်းဆန် ငြင်းဆန်

ကျွန်တော့်ကို မလွမ်းတော့တာကိုတော့ လက်ခံခဲ့ရပါတယ်။

And I’m already over with u since lone time ago.

Tempo ခလုတ်ကို နှိပ်ခံရသလိုမျိုး တချို့ဝေါဟာရတွေဟာ

ဘဝရဲ့အစိတ်အပိုင်းတွေကို တစ်ဆစ်ချင်း ရိုက်ချိုးကြလိမ့်မယ်။

နားနှစ်ဖက်ကို လက်နဲ့ပိတ်ထားလည်း စိတ်နဲ့ ကြားရလိမ့်မယ်။

ကိုယ့်ကိုယ်ကိုယ် ပြန်နာကြည်းသွားစေတဲ့ သံသယတွေနဲ့

စိတ်မလုံခြုံစေမယ့် အတွေးတွေ ဝင်လာလိမ့်မယ်။

ထွက်ပြေးလိုက်တိုင်း ပြန်ရောက်သွားစေတဲ့ ဝင်္ကပါလိုမျိုး။

I’m really happy with the one who has always been the best for me.

ဖတ်လိုစိတ် မရှိတော့ဘူးဆိုတာထက်

တိုက်ဖို့ အင်အားမရှိတော့တဲ့ စစ်မြေပြင်ထဲက လူလို

Home bottom ကို နှိပ်တယ်။

နောက် ဘယ်တော့မှ ဖွင့်မကြည့်တော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ချတယ်။

ဆိုးရွားတာက နောက်ဆုံးစာကြောင်းဟာ စိတ်ထဲမှာ ပါလာတာပါပဲ။

I hope u’re doing well too. တဲ့

တချို့သိရှိမှုတွေအတွက်

တစ်ခါတစ်ရံမှာ ရိုးအ ပစ်လိုက်ရတာမျိုး ရှိတယ်။

ကျွန်တော်တို့ ပြန်မသွားသင့်တဲ့ အရပ်တွေ၊

ကျွန်တော်တို့ ပြန်မခေါ်သင့်တော့တဲ့ လူတချို့

နောက်ပြီး ကျွန်တော်တို့ စောင့်မျှော်မနေသင့်တော့တဲ့ ရထားသံ။

စွန့်လွှတ်ပစ်လိုက်တာမျိုး မဟုတ်ဘဲ

နားလည်ခွင့်လွှတ် ပေးသင့်တာတွေအတွက်လည်း ရဲဝံ့ဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့က ဝရန်တာမှာ ကြာကြာရပ်မနေရဲတဲ့သူတွေပဲ မဟုတ်လား။

Now, I don’t miss u anymore and I’m already over with u since long time ago. I’m really happy with the one who has always been the best for me. I hope u’re doing well too.

******

**မှောင်မိုက်သော တနင်္ဂနွေ - ၆**

အငြင်းခံဝါကျတွေပဲ ဘဝထဲမှာ ပြည့်လာတယ်။

ရှင်သန်ရတာ ဘာမှ မထူးဘူး။

ပျော်အောင်နေကြည့်တယ်။

နေကြည့်တုန်းခဏပဲ ပျော်ပြီး မပျော်တော့ဘူး။

နောက်ပြီး ပျော်ရဲ့လားလို့ ပြန်မေးနေရတာကိုလည်း စိတ်ကုန်လာပြီ။

ကတိစကားတွေကို ဆုပ်ကိုင်ထားပြီး

နောက်ဆုံးမှာ ကတိစကားတွေနဲ့ပဲ ကျန်ခဲ့ရတယ်။

ကိုယ်တို့ ဘယ်လို ဆက်လက် တည်ဆောက်သွားမယ်။

ကိုယ်တို့ ဘယ်လောက်အထိ

တစ်ယောက်ကို တစ်ယောက် စောင့်နေကြေး။

အဲဒီလို မသေချာသော ယုံကြည်မှုတွေအပြည့်နဲ့။

အမြဲတမ်းတော့ ကိုယ်က မတရားဘူးလို့ပဲ တွေးထားတယ်။

သူတစ်ပါးအတွက် မထူးခြားတဲ့ အခြေအနေလေးတွေကလည်း

အခန့်မသင့်တဲ့အခါတိုင်း

ကိုယ့်အတွက်က ကြေကွဲဖို့ သိပ်လွယ်ကူလာတယ်။

အဲဒီအကြောင်းလည်း ပြောပြစရာ လူမရှိဘူး။

မှားပြီးနှိပ်မိကြောင်းတွေ ဖုန်းခေါ်မိသူဆီ

ခဏခဏ ရှင်းမပြချင်တော့ဘူး။

ဘယ်သူပဲမှားမှား

ကိုယ်ပဲ ခံစားရမယ်ဆိုတဲ့ စိတ်နဲ့ ခွင့်လွှတ်လိုက်တယ်။

ပျော်မှာပါ၊ ပျော်ပါစေ။ မနေနိုင်လို့ ပြန်လာလည်း လက်ခံနေမိမှာပဲ။

မှတ်ထားတတ်တဲ့ စိတ်က မှတ်ဉာဏ်မှာ ပါမလာဘူး။

လှမ်းခေါ်ရင် ပြေးဝင်သွားဖို့ ခြေလှမ်းတွေ ပြင်ထားတာက လွဲပြီး

အရာရာ ပျောက်ဆုံးနေတယ်။

ဘဝက မှားနေတာ ကြာပြီ။

******

## မှောင်မိုက်သောတနင်္ဂနွေ - ၇

ဒါပါပဲ၊ လူတွေဆီက ပြန်ရနိုင်သမျှဟာ

ဒီလောက်ပါပဲလို့ တွေးမိသွားတဲ့နေ့တွေဆို

ဘယ်နည်းနဲ့မှ ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်လို့ မရတော့ဘူး။

ပိုဆိုးတာက မကျေနပ်မှုတွေကို ထုတ်ဖော်ပြောလေ့မရှိဘဲ

အနုမြူ ဓာတ်ပေါင်းဖိုတစ်ခုလို အန္တရာယ်များမှန်း သိသိကြီး

တစ်နေရာတည်းမှာပဲ အရာရာကို မျိုသိပ်ထားတတ်ခဲ့တာ။

လှမ်းကြည့်နေသူ မရှိဘဲ လိုက်ကာလေး နောက်ကွယ်ဆီ ပြေးပြီး

ပုန်းနေမိတဲ့ ကြောင်တောင်နေ့တွေလည်း ရှိတယ်။

တဒိတ်ဒိတ် ခုန်နေတဲ့ သွေးပြန်ကြောကို

ဓားနဲ့ ရွယ်မိတဲ့ ညတွေ များလာတယ်။

သေသွားမှာကို မကြောက်တော့ဘူး။

အထီးကျန်နေတဲ့အခါ ရှင်သန်မှုဆိုတာ ငြီး ငွေ့ ခြောက် ကပ် စွာ ။

******

## မှောင်မိုက်သောတနင်္ဂနွေ - ၈

တစ်လမှာ တစ်ကြိမ်လောက်တော့

ယောင်ချာချာနဲ့ လစ်နေတဲ့နေ့တွေ ရှိတယ်။

အဲဒီနေ့တွေဟာ တစ်ပတ်ကြာချင်လည်း ကြာမယ်၊

နှစ်ပတ်ကြာချင်လည်း ကြာမယ်၊ တစ်လလုံးလည်း ဖြစ်ချင်ဖြစ်နေမယ်။

အကြောင်းအရာရယ်လို့ မည်မည်ရရမရှိဘဲ အလိုမကျတာတွေ

တစ်ခုခုကို မကျေမနပ်နဲ့ အထိအခိုက် မခံနိုင်အောင် ဖြစ်နေတာတွေ၊

လူတွေကို စကားမပြောချင်တာတွေ၊

ဘယ်သူဘာမေးမေး ပြန်ဖြေဖို့ စိတ်မပါတာတွေ၊

မျက်လုံးကို ပဝါစည်းပြီး ဦးတည်ချက်မရှိ လျှောက်သွားမိနေသလိုမျိုးပဲ။

တိုက်မိရင် နာတယ်။ ခိုက်မိရင် မခံမရပ်နိုင် ဖြစ်တယ်။

ပြောမိတဲ့ စကား အစအနတွေဆိုလည်း သောင်စဉ် ရေမရ။

တိတ်ဆိတ်တဲ့ နေရာတွေကိုပဲ ရွေးပြီးသွားမိတယ်။

ကော်ဖီတွေ အတားအဆီးမရှိ သောက်တယ်။

Video File တစ်ခုကိုကြည့်ဖို့ ရည်ရွယ်ချက်မရှိဘဲ

ဒီအတိုင်း ဖွင့်ချင်လည်း ဖွင့်ထားမယ်၊ အချိန်တွေ ပျောက်နေတယ်။

လုပ်ရမယ့် အလုပ်တွေကို မေ့နေတယ်။

တစ်နေရာမှာ ငြိမ်ငြိမ်လေး ခွေနေချင်တယ်။

အဲဒီရက်တွေက သိပ်ပြီး အန္တရာယ်ကြီးတယ်။

လူတိုင်းကို အကန်တွေပဲ ဆက်ဆံတတ်ပြီး

ပြုံးလဲဖို့လည်း သိပ်လွယ်ကူတယ်။

ကိုယ့်အပေါ် ကောင်းတဲ့ လူဖြစ်ဖြစ်၊ ဆိုးတဲ့လူဖြစ်ဖြစ်

အလေးထားဖို့ သတိမရဘူး။ ဘာကိုမှ စိတ်မပါဘူး။

ဝမ်းနည်းတာတွေ၊ ရယ်မောတာတွေ မရှိဘူး။

ကိုယ့်ကိုယ်ကိုယ် ရှင်သန်နေတယ် ဆိုတာတောင် မသိဘူး။

အမည်တပ်ဖို့ ခက်တယ်။

အရာရာကို လက်လျှော့လိုက်ပြီး ရောက်ရာပေါက်ရာ မျောပါနေတယ်။

ဘာဖြစ်နေတာလဲလို့ မေးလာခဲ့ရင်တောင် ပြန်ပြောစရာ ဘာမှရှိမနေဘူး။

အဲဒီရက်တွေက လတိုင်း နှစ်တိုင်း အမြဲတမ်းတိုင်း ဖြစ်တယ်

ကိုယ်တစ်ခုခုတော့ ဖြစ်နေတယ်၊ ဒါပေမဲ့ ဘာဖြစ်နေမှန်း မသိဘူး။

******